ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (7-4-2011) (၆၇၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများကို ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် များများအားပေးရန်လို

လယ်ယာထွက်ကုန်များကို လက်ရှိအခြေအနေထက် တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးစား

လုပ်ငန်းလိုင်စင်၊ သွင်းကုန်လိုင်စင်တို့ကို ဥပဒေနှင့်အညီ အခက်အခဲမရှိအောင် စီမံဆောင်ရွက်

ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရာတွင် နိုင်ငံသားများ အလုပ်လုပ်ချင်အောင် အခွင့်အလမ်းပေးပြီး ဆွဲဆောင်

ဥပဒေနှင့်အညီဖြစ်အောင် လူဖြင့် မထိန်းဘဲ မူဖြင့် ထိန်းကျောင်းသွားရမည်ဖြစ်

စီးပွားရေးတိုးတက်လာလျှင် နိုင်ငံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးကို များစွာ အထောက်အကူပြုနိုင်

နေပြည်တော်   ဧပြီ   ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများအား ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ခန်းမဆောင်ကြီး၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ တာဝန်ပေးချက်အရ တိုင်းပြည်၏ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ကြရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကို ၃၀-၃-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းပြည်၏တာဝန်မှာ မိမိတို့ပခုံးထက်ကို ရောက်ရှိလာခဲ့ပြီဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းပြည်ကို **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ခန်းမဆောင်ကြီး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကြေးမုံ The Mirror
၇-၄-၂၀၁၁
(ကြာသပတေးနေ့)

ငှက်ဖျားရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်

လူ့ဘဝတွင် လူတိုင်း အသက်ရှည်ကျန်းမာရန် လိုအပ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိသည်။ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိသည်။

သို့သော် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံတွင် ဦးစားပေးကာကွယ်နှိမ်နင်းရမည့် ရောဂါတစ်ခုဖြစ်နေသည်။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ တီမောလက်စ်တေစသည့် အရှေ့တောင်အာရှနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ ငှက်ဖျားရောဂါသည် ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်။

ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများတွင် ငှက်ဖျားရောဂါသည် အပါအဝင်ဖြစ်ပြီး တောတောင်စိမ့်စမ်းရေများတွင် ပေါက်ပွားသောခြင်ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်နိုင်သည်။ ခြင်မှတစ်ဆင့် ငှက်ဖျားရောဂါ ကူးစက်နိုင်ပြီး ရောဂါပြင်းထန်ပါက သေဆုံးနိုင်သည်။ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၂၈၄ ခုတွင် ငှက်ဖျားရောဂါ အမြစ်တွယ်နေပြီး အထူးသဖြင့် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါဖြစ်ပွားနေကြောင်း သိရသည်။

၂၀၀၉ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ငါးသိန်းရှိကာ ရောဂါကြောင့် သေဆုံးသူ ကိုးရာကျော် ရှိခဲ့သည်။ ယခုအခါ အမျိုးသားငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးမဟာဗျူဟာများ၊ ကမ္ဘာလုံးဆိုင်ရာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးမဟာဗျူဟာများအရ ကာကွယ်နှိမ်နင်းလျက်ရှိသည်။ သို့သော် အိမ်နီးချင်းနိုင်ငံအချို့တွင် ငှက်ဖျားရောဂါပိုးများသည် အာတီမီစီနင်းငှက်ဖျားဆေးများ ယဉ်ပါးလာမှုကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း အဆိုပါဆေးယဉ်ပါးမှုကို စီမံချက်ချ ကာကွယ်နှိမ်နင်းမှုများပြုလုပ်နေပြီ ဖြစ်သည်။

တစ်ဖက်မှလည်း အာတီမီစီနင်းတစ်မျိုးတည်းပါဝင်သော ငှက်ဖျားဆေးများ မှတ်ပုံတင်ခြင်း၊ စံချိန်စံညွှန်းမမီသည့် ငှက်ဖျားဆေးများနှင့် ငှက်ဖျားဆေးအတုများ တင်သွင်းခြင်းတို့ကို သက်ဆိုင်ရာဌာနတို့က ကြပ်မတ်တားဆီးကြရပေမည်။ ငှက်ဖျားရောဂါအဖြစ်များသည့် မြို့နယ်များရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ငှက်ဖျားရောဂါစစ်ဆေးသည့် ပစ္စည်းကိရိယာများနှင့် ငှက်ဖျားကာကွယ်ဆေးများ အခမဲ့ဖြန့်ဝေပေးမှုများ ထိထိရောက်ရောက် ဆောင်ရွက်သင့်ပေသည်။

ငှက်ဖျားရောဂါမဖြစ်ပွားစေရေးအတွက် ဆေးယဉ်ပါးမှုထိန်းချုပ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ကြရပေမည်။ ဒေသအတွင်းရှိ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီအသီးသီးတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ရွှေဥဒေါင်းလမ်း ကမ်းနားအနောက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေ ဦးခင်သန်း-ဒေါ်ညွန့်ရီ (သုခဝတီဆန်စက်) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ စည်းဝေး

နေပြည်တော် ဧပြီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၇) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် ခိုင်မာတောင့်တင်းစေရန် တိုးတက်တည်ဆောက်သွားရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရှေးရှုပြီး တစ်ဆင့်ပြီးတစ်ဆင့် စနစ်ကျမှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအဆင့်မီစွာ လုပ်ငန်းကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် အပါအဝင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အကျိုးရှိစွာ အသုံးပြုနိုင်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရေး စသည်ဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရည်အချင်းစစ်စာမေးပွဲနှင့် ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

နိုင်ငံတကာပညာရေးကို စိတ်ဝင်စားသော မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိထားပြီးသူများအတွက် Shinawatra University ၏ပညာရေးဆွေးနွေးပွဲနှင့် အရည်အချင်းစစ်စာမေးပွဲများကို Overseas Education Service Center, OESC မှ ပြုလုပ်ပေးမည်ဖြစ်သည်။

Shinawatra University သည် ထိုင်းနိုင်ငံရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်ပြီး Office for National Education Standards and Quality Assessment (ONESQA) ၏ အသိအမှတ်ပြု အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းများအားလုံးတွင် တစ်ကျောင်းအပါအဝင်ဖြစ်သည်။ အဆိုပါ တက္ကသိုလ်တွင် ၂၀၁၁ ခုနှစ် ဇွန်လ ကျောင်းဖွင့်ချိန်၌ International Programs များကို ပညာသင်ဆုလျှောက်ထားနိုင်ရန် ရန်ကုန်အတွက် ပညာရေးဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ Park Royal Hotel ၌ နံနက် ၁၀ နာရီမှ ၁၂ နာရီ အထိလည်းကောင်း၊ အရည်အချင်းစစ်စာမေးပွဲကို မေ ၄ ရက်တွင် နံနက် ၁၀ နာရီမှ ၁ နာရီအထိ OESC Seminar Room ၌ လည်းကောင်း ပြုလုပ်စစ်ဆေးမည်ဖြစ်သည်။ မန္တလေးအတွက် ပညာရေးဆွေးနွေးပွဲကို မေ ၂ ရက်တွင် မန္တလေးမြို့ Shwe Phyu Plaza ဒုတိယထပ်ရှိ အခန်းနံပါတ် (၂၂၉) ၌ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ လည်းကောင်း၊ အရည်အချင်းစစ်စာမေးပွဲကို မွန်းလွဲ ၃ နာရီမှ ၆ နာရီ အထိလည်းကောင်း စစ်ဆေးမည်ဖြစ်ကြောင်း သိရှိရသည်။

ပညာသင်ဆုအနေနှင့် Bachelor Program အတွက် နိုင်ငံတကာကျောင်းသားများကို ကျောင်းစရိတ်၏ ၂၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ၊ Master Program အတွက် ကျောင်းစရိတ်၏ ၂၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ပေးသွားမည်ဖြစ်သည်။ IELTS နှင့် TOEFL အမှတ်မရှိသေးသောသူများလည်း ပညာသင်ဆု လျှောက်ထားနိုင်သည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် ပညာရေးအထောက်အထားနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့်အတူ ဧပြီ ၂၆ ရက် နောက်ဆုံးထား၍ OEST သို့ လာရောက်လျှောက်ထားနိုင်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း - ၅၁၉၀၉၂ နှင့် ၀၉-၇၃၀၉၄၀၆၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၃၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ ခါသင်္ကြန်အဆိုအကများ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ ဦးတည်ချက်(၁၂)ရပ်
၈း၁၃ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၈။ မွေးမြူသုတ
၄း၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၁၀။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၅း၃၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅၄)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၁၁)
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၇၄)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ရှေးဟောင်းသုတ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၇)**
၂၇။ ဂီတရင်ခုန်သံ
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောင်းကုန်း-ဆိပ်ကြီးလမ်းပေါ်ရှိ သစ်သား/သံတံတား ပြင်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများကို မတ် ၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်း ဦးစီးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

မဟာသင်္ကြန်ရက်များအတွင်း သီလပေးတရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ မဟာသင်္ကြန်ရက်များတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီလပေးတရားပွဲများကို ဧပြီ ၁၃ ရက်မှ ၁၇ရက်အထိ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး အာရုံခံတန်ဆောင်းကြီး အပေါ်ထပ်၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်၊ ပါမောက္ခဆရာတော်နှင့် မော်ကွန်းထိန်းဆရာတော်များသည် နံနက် ၉ နာရီတွင် သီလချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် တရားတော်များဟောကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး တာလေမြို့နယ် လျှောင်ဒဏ်သင့် ကျေးရွာများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၆

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ ကျင်းပသည့် လျှောင်ဒဏ်သင့် မြို့ရွာများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် လျှောင်ဒဏ်ကြောင့် အနည်းငယ်ချို့ယွင်းသွားသော တာလေတံတား ပေါ်မှ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီဘေလီတံတားဆောက်လုပ်ပြီးစီးမှုများနှင့် တံတားကြံ့ခိုင်မှု၊ တာလေမြို့တွင်း ကျန်းမာရေးပညာပေးဆိုင်းဘုတ်များ စိုက်ထူထားရှိမှု၊ လျှောင်ဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးခဲ့သော လူနေအိမ်များ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာလေမြို့ ပြည်သူ့ဆေးရုံအတွင်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုနှင့် တာလေမြို့တွင်း သောက်သုံးရေဖြန့်ဝေပေးနေမှု၊ လျှပ်စစ်မီးအမြန် ပြန်လည်ရရှိရေးအတွက် လမ်းမီးတိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လျှောင်ဒဏ်သင့် နယ်မြေခံတပ်ရင်းများသို့သွားရောက်၍ တီဗွီနှင့် ဒီဗွီဒီစက်များ ထောက်ပံ့ပေးအပ်ကာ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများဆွေးနွေး

ရန်ကုန် ဧပြီ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး ဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်း မင်းရာဇာခန်းမ၌ ကျင်းပရာ အိန္ဒိယ ပြည်ပရေးရာဌာနမှ သံအမတ်ကြီး မစ္စတာချန်ဒရာ ရှက်ကာ ဒက်စ်ဂုပါ တက်ရောက်ဟောပြောသည်။**(အပေါ်ပုံ)**

မစ္စတာ ချန်ဒရာ ရှက်ကာ ဒက်စ်ဂုပါသည် အရှေ့တောင်အာရှနိုင်ငံများ၌ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်း၏ ရှုမြင်သုံးသပ်ချက်များကို ဟောပြောလျက်ရှိသည်။

အဆိုပါ ဟောပြောပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဒွေးဝင်းဈေးကြီးအတွင်း ရေမြောင်းများတူးဖော်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးခင်မောင်မြင့်၏ ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံ၊ ဈေးကော်မတီများနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။(မြို့နယ်စည်ပင်)

အားကစားဝန်ကြီးဌာန နည်းပြ/နည်းစနစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၆

အားကစားဝန်ကြီးဌာန နည်းပြ/နည်းစနစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား စံပြဆုရရှိသော ကသ(၂၆) ဦးဝင်းဇော် (တနင်္သာရီတိုင်းဒေသကြီး)၊ စာပေထူးချွန်ဆုရရှိသော ကသ(၂၈) ဦးဇာနည်ထွန်း (ကချင်ပြည်နယ်)နှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသော ကသ(၄၉) ဒေါ်ကေဇင်ထွန်း (အား/ကာ သိပ္ပံရန်ကုန်) တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ဖိလစ်ပိုင်နိုင်ငံ မက်ထရို မနီလာမြို့တွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာဆီယံ ဘောဂဗေဒနှင့် စီးပွားရေးကျောင်းသား လူငယ်များ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် စီးပွားရေးစီမံခန့်ခွဲမှု ပီအက်စ် ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။ (ကြေးမုံ)

မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၂၇/၂၀၁၁)
၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၃ ရက်
(၂၀၁၁ခုနှစ် ဧပြီလ ၆ ရက်)
မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့်(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)တို့အရ အောက်ပါပုဂ္ဂိုလ်များအား မြို့တော်ဝန်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	ဦးလှမြင့်	ရန်ကုန်မြို့တော်ဝန်
(၂)	ဦးဖုန်းဇော်ဟန်	မန္တလေးမြို့တော်ဝန်

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	**ဒေါက်တာအောင်မြင့်**	ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ)	**ပါမောက္ခဒေါက်တာဒေါ်စန်းစန်းနွဲ့**	ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားတေးသံသာ
၈း၁၀ ၈။ “ဇီဝိတဒါနသွေးလှူကြစို့”
၈း၂၀ ၉။ အဆိုပြိုင်ပွဲ
၈း၃၀ ၁၀။ ခါသကြ်န်အဆိုအကများ
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ ခါသကြ်န်အဆိုအကများ
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ ခါသကြ်န်အဆိုအကများ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (စိတ်ပညာအထူးပြု)(စိတ်ပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ ခါသကြ်န်အဆိုအကများ
၅း၁၀ ၇။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၂၀ ၈။ “ရောင်စုံရေးသီတေးပန်းချီ”
၅း၃၅ ၉။ “ဖွံ့ဖြိုးမှုပန်းအပြိုင်လန်း လှပဝေဆာ ပြည်မြန်မာ”
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ “ကော်ဖီချစ်သူ” (အပိုင်း-၄၇)**
(ကိုရဲ၊ ကိုလင်း၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်၊ ပိုးပိုး၊ ဝက်မ) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ) (အပိုင်း-၂၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **“အစာလည်းဆေး၊ ဆေးလည်းအစာ”(အပိုင်း-၂၀)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ထူးခြားသောမိသားစု” (အပိုင်း-၆)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသော မေတ္တာ” (အပိုင်း-၅၀)**
၂၁။ အစီအစဉ်ပြီး၏။

Earth ကုမ္ပဏီများအုပ်စု၏ အရောင်းပြခန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၆

Earth Group of Companies ၏ အရောင်းပြခန်းဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုမ္ပဏီအရောင်းပြခန်း၌ ကျင်းပသည်။

အရောင်းပြခန်းတွင် Earth Trading Co., Ltd. က ဂျပန်နိုင်ငံမှ မှာယူတင်သွင်းဖြန့်ချိသော ရင်သွေးငယ်များအတွက် KODOMO အမှတ်တံဆိပ် လိမ္မော်ရနံ့၊ စပျစ်ရနံ့၊ စတော်ဘယ်ရီရနံ့များ ပါရှိသည့် သွားတိုက်ဆေးနှင့် အသက်အလိုက် ခွဲခြားထုတ်လုပ်ထားသော Professional သွားတိုက်တံ၊ ကလေးငယ်တို့၏ အသားအရေအလိုက် ထုတ်လုပ်ထားသည့် ပေါင်ဒါများ၊ ရေချိုးဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်အဖြစ်သုံးနိုင်သည့် Head to Toe၊ လသားအရွယ်မှ စတင်အသုံးပြုနိုင်ပြီး အကိုက်အခဲ သက်သာစေ၍ ကိုယ်ပူရှိန်ကိုကျစေသော Cooling Adhesive, Baby Wipes များ၊ Cleanser for Baby Bottle & Accessories, Baby Sun Block , Lotion Powder, Soap Rice Milk Bath များ စနစ်တကျ ခင်းကျင်းပြသထားပြီး ဆံပင်ကို သန်စွမ်းနက်မှောင်စေ၍ ဗောက်များကင်းစင်ကာ ဦးရေကို အေးမြစေသည့် Tonic Shampoo, SHOKUBUTSU အမှတ်တံဆိပ် မျက်နှာသစ်ဆပ်ပြာနှင့် ရေချိုးဆပ်ပြာရည်များ၊ ZACT အမှတ်တံဆိပ် ကွမ်းစားသူများနှင့် ဆေးလိပ်သောက်သူများအတွက် အနီရောင်သွားတိုက်ဆေး၊ လက်ဖက်ရည် ကော်ဖီသောက်သူများအတွက် အစိမ်းရောင်သွားတိုက်ဆေး၊ SALZ အမှတ်တံဆိပ် Habu သွားတိုက်ဆေးနှင့် Regular & Fresh သွားတိုက်ဆေးများ၊ SYSTEMA အမှတ်တံဆိပ် သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ အစဉ်အမြဲ ခံတွင်းရနံ့ သင်းပျံ့သန့်ရှင်းကျန်းမာနေစေရန် Mouthwash တို့ကို လှပသေသပ်စွာ ခင်းကျင်းပြသထားကြောင်း သိရသည်။

ပြခန်းတွင် SANYO eneloop ဓာတ်ခဲများလည်း ခင်းကျင်းပြသထားသည်။ eneloop ဓာတ်ခဲသည် ပြန်လည်အားသွင်းနိုင်သော ဓာတ်ခဲဖြစ်ပြီး အကြိမ်ပေါင်း ၁၅၀၀ အထိ ပြန်လည်အားသွင်း အသုံးပြုနိုင်သည်ဟု သိရသည်။ Carbon zinc, Alkaline နှင့် Rechargable ဓာတ်ခဲအမျိုးမျိုးနှင့် အားသွင်းစက်များပါ တစ်ပါတည်းဝယ်ယူနိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၅၃/၅၄) ပြည်လမ်း (၉)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၆၅၁၆၉၆၊ ၆၅၂၇၃၀နှင့် ၆၆၁၂၂၂ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကိုယ့်တိုင်းရင်းသားများ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်စွမ်းရှိလာအောင် ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်

နောက်ကွယ်က နိုင်ငံခြားသားများ၊ ငွေမည်းများ ဝင်မလာနိုင်အောင်ကိုမူ ဂရုစိုက်ရမည်ဖြစ်

❖ ရွှေ့ဖုံးမှ

ကောင်းအောင် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။

တိုင်းပြည်ကို တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အစိုးရအဖွဲ့အနေဖြင့် လိုက်နာပြုကျင့်ရမည့် တာဝန်များကို ၃၀-၃-၂၀၁၁ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့ပြီးဖြစ်သည့်အပြင် ၃၁-၃-၂၀၁၁ ရက်နေ့က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလည်း ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

၎င်းလုပ်ငန်းများ၊ ၎င်းတာဝန်များကို ဝန်ကြီးဌာနများအားလုံး အသီးသီး တာဝန်ခွဲဝေယူပြီး အောင်အောင်မြင်မြင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းတာဝန်များကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနများကို မိမိအနေဖြင့် ယုံယုံကြည်ကြည် ခွဲဝေအပ်နှင်းပါကြောင်း။

တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်များကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းပါကြောင်း၊ ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့လုပ်ရမည့်တာဝန်များ၊ မိမိတို့လုပ်သင့်သည့်အလုပ်များကို လုပ်ကြရန်နှင့် မည်သူ၏ တိုက်တွန်းချက်ကိုမျှ စောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွဖြင့် လုပ်ကြရန် ဖြစ်ပါကြောင်း။

တာဝန်ရှိလာကြပြီဖြစ်သည့်အတွက် တာဝန်သိရန် လိုပါကြောင်း၊ မိမိတို့လုပ်ဆောင်ချက်၏ အဆိုးအကောင်းကို တာဝန်ယူကြရန်လည်း လိုအပ်ပါကြောင်း၊ စေတနာအလျောက် လုပ်နည်းကိုင်နည်း မှားယွင်းသွားခြင်းကို သည်းခံခွင့်လွှတ်နိုင်သော်လည်း ပုဂ္ဂိုလ်ရေးအရ မှားယွင်းမှုမျိုးမဖြစ်ရန်ကိုမူ ဂရုစိုက်ကြရန် လိုပါကြောင်း။

ဝန်ကြီးဌာနအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အမှားအယွင်းမရှိရအောင် နိုင်ငံတော်၏ မူဝါဒနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို သိရှိပြီး ယင်းဘောင်အတွင်းက လွတ်ထွက်မသွားရန် အထူးအရေးကြီးပါကြောင်း၊ ဘာပဲလုပ်လုပ် ပြည်သူများ၏အကျိုးစီးပွားကို မထိခိုက်စေရေး၊ တိုင်းပြည်၏ဂုဏ်သိက္ခာကို မထိခိုက်စေရေးနှင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မထိခိုက်စေရေး သတိထားကြရမည် ဖြစ်ပါကြောင်း။

အစပိုင်းတွင် ပြည်ထောင်စုအဆင့် လုပ်ရမည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ရမည့်လုပ်ငန်းများမှာ ရောထွေးယှက်တင်မှုများ ရှိနေမှာဖြစ်သော်လည်း အတွေ့အကြုံရှိလာသည်နှင့်အမျှ သီးခြားစီ ခွဲထုတ်လုပ်ကိုင်နိုင်ကြမှာဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ ဘတ်ဂျက်ရသုံးငွေစာရင်းများကိုလည်း လုပ်ငန်းများအခြေတကျမဖြစ်မီ ပြည်ထောင်စုအဆင့်က ထိန်းကျောင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများကို ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် များများအားပေးရန် လိုပါကြောင်း၊ တချို့သော ရေအားလျှပ်စစ်အသေးစားလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေ ရောင်းချသည့်လုပ်ငန်းများ၊ သတ္တုနှင့် ကျောက်မျက်တူးဖော်သည့်လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများမှာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ ကိုယ့်တိုင်းရင်းသားများ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်စွမ်းရှိလာအောင် ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့သော်လည်း နောက်ကွယ်က နိုင်ငံခြားသားများ၊ ငွေမည်းများ ဝင်မလာနိုင်အောင်ကိုမူ ဂရုစိုက်ရမည် ဖြစ်ကြောင်း။

စားဝတ်နေရေးတွင် စားရေးနှင့် ဝတ်ရေး ပြည့်စုံဖူလုံရန်အတွက် စိုက်ပျိုးရေးကို အဓိကအားထားရမှာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို သမားရိုးကျ စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ အကျိုးတူအစုရှယ်ယာများ ပါဝင်စေပြီး လယ်ယာကုန်ထုတ်အသင်းစုများထူထောင်၍ ခေတ်မီနည်းစနစ်များ၊ ခေတ်မီစက်ပစ္စည်းများအသုံးပြုပြီး လယ်ယာထွက်ကုန်များကို လက်ရှိအခြေအနေထက် တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးစားသွားရန် လိုပါကြောင်း။

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်တီးပေးရန်လိုပါကြောင်း၊ လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေများရှိလာပြီး တိုင်းပြည်၏ G.D.P သည်လည်း တိုးလာမှာဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးရမှာဖြစ်သည့်အတွက် အတားအဆီး၊ အပိတ်အဆို့၊ အဟန့်အတားများကို ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်စည်စီးဆင်းမှု သွက်လက်လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ စီးပွားရေးအခွင့်အလမ်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ အခွန်ကောက်ယူခြင်းများ ပြုလုပ်ရာတွင် ပြည်သူများအတွက် မလိုအပ်သည့် အပိုကုန်ကျစရိတ်များ မရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကုန်လုပ်စွမ်းအားစုများဖြစ်သော လုပ်ငန်းလိုင်စင်၊ သွင်းကုန်လိုင်စင်တို့ကို ဥပဒေနှင့်အညီ အခက်အခဲမရှိအောင် စီမံဆောင်ရွက်ပေးရမည့်အပြင် အဆောက်အအုံ၊ တယ်လီဖုန်း၊ လျှပ်စစ်မီးစသည်တို့ကိုလည်း စရိတ်စကမကြီးရအောင် စီမံပေးရမှာဖြစ်ပါကြောင်း၊ ထို့အပြင် ကုန်ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုကို စတင်ထုတ်လုပ်ချိန်မှစပြီး သုံးစွဲသူ End user ထံသို့ ရောက်သည်အထိ အဆင့်ဆင့်သော ကုန်ကျစရိတ်များရှိမှာဖြစ်သော်လည်း မိမိတို့အစိုးရကြောင့် မလိုလားအပ်သည့် စရိတ်ပိုတစ်ခု ကုန်ကျရခြင်းမျိုးမရှိရအောင် ဖြတ်သန်းခဲ့ရသည့် ခရီးစဉ်တစ်လျှောက်မှာ လာဘ်ပေးလာဘ်ယူမှုများကို ထိထိရောက်ရောက် တားဆီးပေးရမှာ ဖြစ်ပါကြောင်း၊ Transition cost များ၊ မလိုအပ်ဘဲ စရိတ်ပိုလာသည်နှင့်အမျှ ယင်းအပိုစရိတ်များကို စားသုံးသူ End user ကသာ ကျခံရမှာဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်စေမှာဖြစ်ပါကြောင်း၊ တစ်ဖန် အစိုးရက ဟန့်တားပိတ်ပင်မှုများ လုပ်ပြန်လျှင်လည်း Back fire ဖြစ်ပြီး ထုတ်လုပ်သူ တောင်သူလယ်သမားထံတွင် ဈေးနှိမ်ပြီး ဝယ်ယူခြင်းမျိုးတွေ ဖြစ်လာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားများ အလုပ်လုပ်ချင်လာအောင် အစိုးရက အခွင့်အလမ်းများပေးပြီး ဆွဲဆောင်ရမည်ဖြစ်ပါကြောင်း၊ Supply Chain တစ်လျှောက် စရိတ်စကများ၊ Transition cost များ မများရအောင် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ကုန်လုပ်စွမ်းအားစုများ သက်သက်သာသာနှင့် သုံးစွဲနိုင်အောင် စီမံပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီဖြစ်အောင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

☆ တာဝန်များကို ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနများကို မိမိအနေဖြင့် ယုံယုံကြည်ကြည် ခွဲဝေအပ်နှင်းပါကြောင်း။

☆ တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်များကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းပါကြောင်း၊ ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့လုပ်ရမည့်တာဝန်များ၊ မိမိတို့လုပ်သင့်သည့်အလုပ်များကို လုပ်ကြရန်နှင့် မည်သူ၏ တိုက်တွန်းချက်ကိုမျှ စောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွဖြင့် လုပ်ကြရန် ဖြစ်ပါကြောင်း။

☆ တာဝန်ရှိလာကြပြီဖြစ်သည့်အတွက် တာဝန်သိရန်လိုပါကြောင်း၊ မိမိတို့လုပ်ဆောင်ချက်၏ အဆိုးအကောင်းကို တာဝန်ယူကြရန်လည်း လိုအပ်ပါကြောင်း၊ စေတနာအလျောက် လုပ်နည်းကိုင်နည်းမှားယွင်းသွားခြင်းကို သည်းခံခွင့်လွှတ်နိုင်သော်လည်း ပုဂ္ဂိုလ်ရေးအရ မှားယွင်းမှုမျိုးမဖြစ်ရန်ကိုမူ ဂရုစိုက်ကြရန် လိုပါကြောင်း။

○ ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်အောင် ဖန်တီးပေးရန်လိုပါကြောင်း၊ လူတိုင်း အလုပ်လုပ်မှ လူတိုင်း ဝင်ငွေများ ရှိလာပြီး တိုင်းပြည်၏ G.D.P သည်လည်း တိုးလာမှာ ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ကို ခွင့်ပြုပေးရမှာ ဖြစ်သည့်အတွက် အတားအဆီး၊ အပိတ်အဆို့၊ အဟန့်အတားများကို ဖယ်ရှားပေးရမည် ဖြစ်ကြောင်း၊ လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းရမည် ဖြစ်ကြောင်း၊ ဥပဒေနှင့် ထိန်းကျောင်းသွားရမည် ဖြစ်ကြောင်း၊ သို့မှသာ ကုန်စည်စီးဆင်းမှု သွက်လက်လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ စီးပွားရေးအခွင့်အလမ်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ အခွန်ကောက်ယူခြင်းများ ပြုလုပ်ရာတွင် ပြည်သူများအတွက် မလိုအပ်သည့် အပိုကုန်ကျစရိတ်များ မရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

အခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအား တွေ့ရစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၄ မှ

လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းကျောင်းသွားရမည် ဖြစ်ပါကြောင်း၊ မူဖြင့်မထိန်းဘဲ လူဖြင့်ထိန်းလျှင် လာဘ်ပေး လာဘ်ယူမှုများ၊ ဘက်လိုက်မှုများ၊ မသမာမှုများ ရှိလာတတ်သည် ဆိုသည်ကို အားလုံးသတိပြုကြရန် လိုအပ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကားလမ်းများ အစဉ်ကောင်းမွန်နေအောင်၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် သူ့ကဏ္ဍနှင့်သူ အပိုင်းလိုက် စနစ်တကျခွဲပြီး တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်ဒေသများတွင် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများကို ဆက်လက်ပြီး ဖောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ လမ်းဖြတ်ခ၊ တံတားဖြတ်ခများကိုလည်း ထိုက်သင့်သည့်နှုန်းထားထက်ပိုယူခြင်း၊ ပိုပြီး ကောက်ခံခြင်းမျိုး မရှိရအောင် ကြပ်မတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများသည် သွားလိုလာလို၊ ရောင်းလိုဝယ်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာမှာဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ပုံမှန်တကျ တိုးတက်လာမှာဖြစ်ပါကြောင်း၊ **စီးပွားရေးတိုးတက်လာလျှင် နိုင်ငံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးကို များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် တည်ဆောက်ရေးဆိုသည်မှာ စီးပွားရေးတိုးတက်အောင် တည်ဆောက်ခြင်းဖြစ်သည်ဟု ခံယူပြီး ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် အားသွန်ခွန်စိုက် စီးပွားရေးပုံမှန်တကျ တိုးတက်အောင် တည်ဆောက်ကြရန် တိုက်တွန်းလိုပါကြောင်း။**

စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်လည်း လိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏ဆန္ဒကို နားလည်သဘောပေါက်ကြရမှာဖြစ်ပါကြောင်း၊ ဗဟိုကချုပ်ကိုင်သည့် စနစ်အစား အောက်ခြေက အဆင့်ဆင့်တာဝန်ယူပြီး အထက်ကိုပြန်တာဝန်ခံသည့် စနစ်မျိုးဖြင့် သွားကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အောက်ခြေက တောင့်တင်းခိုင်မာရန် အားကောင်းရန်လိုပါကြောင်း၊ အမှန်အလုပ်လုပ်ကြရမည့်သူများမှာ ညွှန်ချုပ်ကစပြီး အောက်ခြေဝန်ထမ်းများဖြစ်ပါကြောင်း၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် စနစ်သစ်အရ ငါးနှစ်တစ်ကြိမ် ခေါင်းပြောင်းနေကြမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ညွှန်ချုပ်ကစပြီး အောက်ခြေအဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများ အရည်အချင်းပြည့်ဝမှသာ ဝန်ကြီးဌာန၏ လုပ်ငန်းများ သွက်လက် မြန်ဆန်မှန်ကန်မှာဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ပြည်သူများကိုလည်း မိမိတို့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုချည်းအားကိုးမနေဘဲ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး လုပ်ကြကိုင်ကြရေး တိုက်တွန်းကြရန်လိုပါကြောင်း၊ အလုပ်လုပ်ကြရမှာက ပြည်သူများသာဖြစ်ပြီး အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အခွန်အတုတ်ရအောင် ကောက်ခံရန်မှာ အစိုးရ၏ အလုပ်ဖြစ်ပါကြောင်း၊ ပြည်သူများ မလုပ်နိုင်သည့် တိုင်းပြည်အတွက် အဓိကကျသည့် အလုပ်ရုံ၊ စက်ရုံများမှအပ အစိုးရပိုင် ကျန်သည့်အလုပ်ရုံ စက်ရုံများကို ပြည်သူများထံ လွှဲပြောင်းပေးလိုပါကြောင်း၊ ထို့ကြောင့် **ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးလုပ်ငန်းရှင်များ များများပေါ်ထွက်လာအောင် မိမိတို့အစိုးရအဖွဲ့ အသီးသီးက ဝိုင်းဝန်းမြေတောင်မြှောက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။**

ပြည်သူများ စိတ်ချလက်ချဖြင့် အလုပ်လုပ်နိုင်ရန်အတွက် လုံခြုံမှုရှိအောင် စီမံဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ အဖျက်အမှောင့်သမားများသည် ပြည်သူအကြားမှာပင် ခိုအောင်းနေခြင်းဖြစ်သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ပြည်သူ၏အကူအညီကိုရယူပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူကြရမှာ ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောရလျှင် စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ ပြောင်းလဲသည့် ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပြောင်းရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း၊ ဗဟို၏ချုပ်ကိုင်မှုကိုလျှော့ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းများကို တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူရုံသာမကဘဲ တာဝန်ရှိလာပြီဖြစ်၍ တာဝန်ခံကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ မိမိတို့တိုင်းဒေသကြီးနှင့် မိမိတို့ ပြည်နယ်များတွင် ဖြစ်ပေါ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်များကို မိမိတို့သာ ခံယူကြရမှာဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေနှင့်အညီ လုပ်ကြရမည့်လုပ်ငန်းများပါရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ မတိမ်းမစောင်းဘဲ လုပ်သွားကြရန်နှင့် မိမိ၏ နိုင်ငံတော်အခြေပြုမိန့်ခွန်းနှင့် အစိုးရအဖွဲ့သို့ ပြောကြားခဲ့သည့် မိန့်ခွန်းများထဲတွင် ဝန်ကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆောင်ရန်ရှောင်ရန်ကျင့်ဝတ်များ ပါပြီးဖြစ်၍ ယင်းတို့ကို လိုက်နာပြီး လုပ်ငန်းများ အောင်မြင်အောင်၊ ပြည်သူများ၏ မျှော်လင့်ချက်များ ပြည့်ဝအောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် တိုက်တွန်းမှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❑ **စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်လည်းလိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏ဆန္ဒကို နားလည်သဘောပေါက်ကြရမှာ ဖြစ်ပါကြောင်း၊ ဗဟိုက ချုပ်ကိုင်သည့်စနစ်အစား အောက်ခြေက အဆင့်ဆင့်တာဝန်ယူပြီး အထက်ကိုပြန်တာဝန်ခံသည့် စနစ်မျိုးဖြင့် သွားကြရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အောက်ခြေက တောင့်တင်းခိုင်မာရန်၊ အားကောင်းရန် လိုပါကြောင်း။**

❑ **ပြည်သူများကိုလည်း မိမိတို့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကိုချည်းအားကိုးမနေဘဲ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး လုပ်ကြကိုင်ကြရေး တိုက်တွန်းကြရန်လိုပါကြောင်း၊ အလုပ်လုပ်ကြရမှာက ပြည်သူများသာဖြစ်ပြီး အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အခွန်အတုတ်ရအောင် ကောက်ခံရန်မှာ အစိုးရ၏ အလုပ်ဖြစ်ပါကြောင်း။**

❖ **စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ ပြောင်းလဲသည့် ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပြောင်းရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း၊ ဗဟို၏ချုပ်ကိုင်မှုကိုလျှော့ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏လုပ်ငန်းများကို တာဝန်ယူကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ယူရုံသာမကဘဲ တာဝန်ရှိလာပြီဖြစ်၍ တာဝန်ခံကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ မိမိတို့တိုင်းဒေသကြီးနှင့် မိမိတို့ပြည်နယ်များတွင်ဖြစ်ပေါ်လာမည့် အကောင်းအဆိုး အကျိုးအပြစ်များကို မိမိတို့သာခံယူကြရမှာဖြစ်ပါကြောင်း။**

ဆေးပညာသတင်းဆန်းများ (၁၃)

ဒေါက်တာ ကံညွန့်

ဆေးပညာမှာ တိုးတက်လာသလို သိပ္ပံပညာကလည်း အံ့မခန်း တိုးတက်လာနေပါတယ်။ ဆေးပညာမှာ Bio Engineering, Genetic Engineering တို့ လုပ်နေကြသလို သိပ္ပံပညာရှင်တွေကလည်း Geo Engineering ဆိုပြီး ရာသီဥတုပြောင်းလဲဖို့တောင် ကြိုးစားနေကြပြီ ဖြစ်တယ်။ မိုးမရွာတဲ့နေရာမှာ မိုးအတုရွာပေးတာတို့၊ နှင်းမကျတဲ့နေရာမှာ နှင်းအတုကျအောင် လုပ်ပေးတာတို့က အောင်မြင်နေကြပြီ။ အခု တစ်ကမ္ဘာလုံး အပူရှိန်မြင့်တက်လာတာကို ကာကွယ်ဖို့၊ Climate Change ဖြစ်တာကို ကာကွယ်ဖို့ Geo Engineering နဲ့ လုပ်ဖို့ ကြိုးစားနေကြပါပြီ။ ဒီကြားထဲမှာ ဝမ်းသာစရာ သတင်းတစ်ရပ်က ကမ္ဘာ့ အိုဇုန်းလွှာ ပေါက်နေတာတို့၊ ပါးလွှာနေတာတို့က ကာကွယ်နိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ၂၀၁၀ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်တဲ့ Scientific Assessment of Ozone Depletion အစီရင်ခံစာမှာ အန္တရာယ်ရှိတဲ့ ကာဗွန်ဓာတ်ထုတ်လုပ်မှုကို တားဆီးနိုင်ခဲ့ပြီဖြစ်လို့ အိုဇုန်းလွှာပါးလွှာခြင်းသည် ရပ်တန့်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုရာစုနှစ် အလယ်ပိုင်းလောက်မှာ အိုဇုန်းလွှာဟာ နဂိုအတိုင်း ပြန်ရှိမည် ဖြစ်ကြောင်း တင်ပြထားပါတယ်။

အိုဇုန်းလွှာဆိုတာ နေရောင်ခြည်မှာပါဝင်တဲ့ Ultraviolet Ray ခေါ်တဲ့ ခရမ်းလွန်ရောင်ခြည်ကို လူသားတွေဆီမရောက်အောင် အကာအကွယ်ပေးထားတဲ့အလွှာပါ။ ဒီအလွှာပေါက်ပြဲလာမှုကြောင့် လူတွေမှာ အရေပြားကင်ဆာ၊ မျက်စိအတွင်းတိမ် စတဲ့ရောဂါတွေဖြစ်စေတာပါ။ တကယ်လို့သာ ဒီအလွှာကြီးပေါက်ပြဲတာကို မကာကွယ်နိုင်ဘူးဆိုရင် ၂၀၂၀ ခုနှစ်မှာ အရေပြားကင်ဆာကြောင့် လူသန်း ၂၀ အသက်ဆုံးရှုံးရမှာဖြစ်ပြီး သန်း ၁၃၀ ကတော့ မျက်စိအတွင်းတိမ်ရောဂါ ခံစားရမယ်လို့ ခန့်မှန်းထားတာပေါ့။ ဒါကြောင့် အိုဇုန်းလွှာကို နိုင်နင်းစွာကာကွယ်နိုင်ပြီဆိုတဲ့သတင်းကြောင့် လူတွေမှာ ယင်းအန္တရာယ်က လွတ်မြောက်ကြရမှာမို့ ဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

ဆေးပညာ၊ သိပ္ပံပညာတွေ တိုးတက်လာသလို ရောဂါတွေကလည်း ဆန်းပြားလာလိုက်တာ အံ့မခန်းစရာပါပဲ။ ပထမသတင်းက ဘယ်ပိုးသတ်ဆေးမှမနိုင်တဲ့ ဗက်တီးရီးယားတစ်မျိုး နိုင်ငံတော်တော်များများမှာ တွေ့ရှိရတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းက အမေရိကန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ပေါ်ထွက်လာတာဖြစ်တယ်။ NDMI လို့ အမည်ပေးထားတယ်။ Gene ကနေ Bacteria ကို အသွင်ပြောင်းလိုက်တာဖြစ်ပြီး ဒီဗက်တီးရီးယားဟာ ဘယ် Antibiotic နဲ့မှ မသေနိုင်ဘူးလို့ ဆိုပါတယ်။ ၎င်းကို သူတို့က Superbug လို့ အမည်ပေးထားကြပါတယ်။ အမေရိကန်နိုင်ငံမှာတွေ့ရတဲ့ လူ ၃၇ ဦး ကတော့ ဗြိတိန်နဲ့ ပါကစ္စတန်နိုင်ငံက ပြန်လာသူတွေဖြစ်ပြီး Austria မှာ တွေ့ရတဲ့ လူနှစ်ဦးကတော့ ပါကစ္စတန်နှင့် Kosovo ကပြန်လာတဲ့ လူနှစ်ဦးမှာ တွေ့ရတာဖြစ်တယ်။ ဂျပန်နိုင်ငံ တိုကျိုဆေးရုံမှာလည်း ဒီလိုရောဂါနဲ့ လူနာ ၃၀ ခန့်ကို ဆေးကုသမှုခံယူရပြီး ခုနစ်ဦးကတော့ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီ Gene ဟာ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံမှာ အများဆုံးတွေ့ရတယ်လို့ ဆိုပါတယ်။ ဆေးသိပ္ပံပညာရှင်တွေ အထူးထိတ်လန့်စွာ စောင့်ကြည့်ခဲ့ရပြီး အခုထိတော့ နောက်ထပ် ဒီရောဂါမျိုး ထပ်မံဖြစ်ပွားတယ်လို့ သတင်းမရသေးပါဘူး။ ဒါပေမယ့် နောက်ထပ် ဒီရောဂါမျိုးထပ်ဖြစ်လာရင် လူသားတွေအတွက် အန္တရာယ်အများကြီးရှိနိုင်တယ်လို့ တင်ပြလိုက်ရပါတယ်။

နောက်ဆေးပညာသတင်းတစ်ပုဒ်ကလည်း စိတ်ဝင်စားစရာပါ။ Samonella ဆိုတဲ့ အစာအဆိပ်သင့်ဖြစ်စေတတ်တဲ့ Bacteria တစ်မျိုးပါတဲ့ ကြက်ဥတွေကိုစားမိလို့ အမေရိကန်နိုင်ငံတစ်လွှား လူပေါင်း ၃၀၀၀ ကျော်လောက် အော့အန်ဖျားနာပြီး အဆိပ်သင့်ရောဂါလက္ခဏာနှင့် ဆေးရုံတင် ကုသခဲ့ရပြီး ကြက်ဥပေါင်း သန်း ၅၅၀ကို ဈေးကွက်ထဲက ပြန်လည်သိမ်းယူလိုက်ရတယ်ဆိုတဲ့ သတင်းပါ။ ကြက်ကိုကျွေးတဲ့ အစာထဲမှာ ဒီပိုးမွှားတွေပါလာလို့ အဲဒီကြက်ကဥတဲ့ ကြက်ဥတွေမှာ ရောဂါပိုးပါခဲ့တာဆိုပြီး အမေရိကန်နိုင်ငံ IOWA ပြည်နယ်က Wright County Egg နှင့် Hillando Farms က ထုတ်တဲ့ ကြက်ဥတွေကို Food and Drug Administration လို့ခေါ်တဲ့ (FDA) အဖွဲ့က သိမ်းခိုင်းလိုက်တာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာကပဲ လူတွေ ကြက်ဥစားပြီးနေလာခဲ့တာ အခုအခါမှာ ကြက်ဥအဆိပ်သင့်တာမျိုးဖြစ်တော့ အံ့ဩစရာဖြစ်နေတာမို့ ဆေးပညာသတင်းဆန်းတစ်ခုအဖြစ် တင်ပြလိုက်ရတာပါ။

နောက်သီးခြားသတင်းတစ်ပုဒ်ဖြစ်တဲ့ အီတလီနိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာတော့ စောစောက အစာအဆိပ်သင့်ရောဂါဖြစ်စေတဲ့ Samonella ဆိုတဲ့ Bacteria ပိုးတွေကို Melanoma ဆိုတဲ့ ကင်ဆာကျိတ်ထဲ ထိုးထည့်လိုက်ရင် ယင်းကင်ဆာရောဂါသက်သာပျောက်ကင်းစေနိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါကို အီတလီနိုင်ငံ Milan မြို့ European Institute of Oncology က စမ်းသပ်လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ ကြွက်တွေကို စမ်းသပ်အောင်မြင်ခဲ့တာ ဖြစ်ပြီး မကြာခင် လူတွေကို စပ်းသပ်ကုသကြည့်တော့မှာ ဖြစ်ပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ငှက်ဖျားရောဂါနှင့် ပတ်သက်တဲ့သတင်းပါပဲ။ ငှက်ဖျားအဖြစ်များတဲ့ ဒေသကို တာဝန်အရ ခေတ္တခဏ သွားလာရတဲ့လူများအတွက် ဝမ်းသာစရာပါ။ Azithromycin နှင့် Clindamycin ဆေးတစ်ပြားစီကို တစ်ပတ်မှာ တစ်ခါ စားသုံးထားခြင်းဖြင့် ငှက်ဖျားရောဂါကို ကောင်းမွန်စွာကာကွယ်နိုင်တယ်ဆိုတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးက တင်ပြလိုက်တဲ့ သတင်းပါ။ ငှက်ဖျားရောဂါဟာ နှစ်စဉ် လူသုံးသန်းခန့် ရောဂါခံစားနေရပြီး လူတစ်သန်းကတော့ နှစ်စဉ် သေဆုံးနေကြရတဲ့ရောဂါပါ။

ယခင်က ရေးသားတင်ပြခဲ့တဲ့ ဆေးပညာသတင်းဆန်းများမှာ ကော်ဖီအကြောင်း တင်ပြခဲ့ပြီးပါပြီ။ ကော်ဖီသောက်သုံးသူများမှာ လည်ချောင်းကင်ဆာနှင့် ဦးခေါင်းလည်ပင်းကင်ဆာတို့ကို ကာကွယ်နိုင်တဲ့သတင်းပါ။ အခုတစ်ခါ ထပ်မံတွေ့ရတဲ့သတင်းကတော့ ကော်ဖီ တစ်နေ့မှာ အနည်းဆုံးလေးခွက်သောက်တဲ့ အမျိုးသမီးတွေမှာ ကော်ဖီ လုံးဝမသောက်ဘဲနေသူများထက် သားအိမ်အတွင်း ကင်ဆာဖြစ်ဖို့ ၂၅ ရာခိုင်နှုန်း လျော့နည်းနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ အဝလွန်တဲ့ အမျိုးသမီးတွေမှာဆိုရင် ၄၆ ရာခိုင်နှုန်းတောင် လျော့နိုင်တယ်လို့ ဆိုပါတယ်။ ဒီလေ့လာမှုဟာ အမျိုးသမီးပေါင်း ခြောက်သောင်းကျော်ကို လေ့လာပြီး တွေ့ရှိရတာကို Cancer Epidemiology and Biomarker and Prevention ဂျာနယ်မှာ ဖော်ပြထားပါတယ်။ ၎င်းဂျာနယ်မှာ ဆက်လက်ဖော်ပြထားတာကတော့ တစ်နေ့ကို ကော်ဖီခြောက်ခွက် (သို့မဟုတ်) ဒီထက်ပိုသောက်တဲ့ အမျိုးသားတွေမှာ ပြင်းထန်တဲ့ ဆီးကျိတ်ကင်ဆာ ဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်း လျော့ကျသွားနိုင်တယ်လို့ တင်ပြထားကြောင်းပါခင်ဗျာ။

နောက်ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကလေးတွေဟာ နှစ်နှစ်အောက်အရွယ်မှာ Television လုံးဝမကြည့်သင့်ဘဲ နှစ်နှစ်ကျော်ကလေးတွေမှာလည်း TV ကြည့်ခြင်းကို တစ်နေ့မှာ တစ်နာရီမှ နှစ်နာရီထိ ပိုမကြည့်သင့်ကြောင်း (American Academy of Paediatrician) အမေရိကန်ကလေးသူငယ်များ အကယ်ဒမီမှ ဆရာဝန်ကြီးများက အကြံပြုတင်ပြထားကြပါတယ်။ ကလေးအရွယ် အဝလွန်မှုဟာ ဒါနဲ့ပတ်သက်တယ်လို့လည်း ဆိုထားပါတယ်။ Australia နိုင်ငံရဲ့ လေ့လာမှုတစ်ခုမှာတော့ လူကြီးတွေဟာလည်း TV ကို တစ်နေ့မှာ လေးနာရီထက် ပိုမကြည့်သင့်ကြောင်း၊ လေးနာရီထက် ပိုကြည့်တဲ့လူတွေဟာ ပုံမှန်လူတွေထက် စောစောအသက်ဆုံးဖို့ ၄၆ ရာခိုင်နှုန်း ပိုရှိကြောင်း လူပေါင်း ၉၀၀၀ ကို ခြောက်နှစ်ကြာ သုတေသနပြုလုပ်ပြီး တင်ပြထားပါတယ်။

ကလေးတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး အင်္ဂလန်နှင့် စကော့တလန်နိုင်ငံက လေ့လာချက်တစ်ခုမှာ ခွေးမွေးထားတဲ့အိမ်က ကလေးတွေဟာ ခွေးမမွေးတဲ့အိမ်က ကလေးတွေထက် ကျန်းမာရေး ပိုကောင်းမွန်ကြောင်း တွေ့ရှိရတယ်လို့ ဆိုထားပြန်ပါတယ်။ ခွေးနဲ့ ပြေးလွှားဆော့ကစားနေတာဟာ ကလေးတွေရဲ့ ကျန်းမာရေးမှာ အထောက်အကူ အလွန်ပြုတယ်လို့ ဆိုထားပါတယ်။ ခွေးမွေးထားတဲ့အိမ်က ကလေးတစ်ယောက်ရဲ့ခြေလှမ်းက တစ်နေ့မှာ ၃၆၀ ခန့်ရှိတယ်လို့ ဆိုထားပါတယ်။ (အရေးကြီးတာကတော့ ခွေးမှာ ကူးစက်ရောဂါမရှိအောင် ကာကွယ်ဆေးထိုးထားဖို့သာ လိုအပ်တယ်လို့လည်း သတိပေးထားပါတယ်။) ကလေးတွေနှင့်ပတ်သက်ပြီး စင်ကာပူနိုင်ငံမှာ အဖြစ်များနေတဲ့ ရောဂါဆန်းတစ်ခုကတော့ HFMD လို့ အတိုကောက်ခေါ်တဲ့ Hand, Foot, Mouth Disease ပဲ ဖြစ်ပါတယ်။ ဗမာလို လက် ခြေ ပါးစပ်တို့မှာ အနာကလေးတွေဖြစ်တဲ့ရောဂါပါ။ ဒီရောဂါဟာ စင်ကာပူနိုင်ငံရဲ့ ငါးနှစ်အောက် ကလေးတွေမှာဖြစ်ကြပြီး အထူးသဖြင့် နေ့ကလေးထိန်းကျောင်းတွေကတစ်ဆင့် ကူးစက်နေတာလို့ သိရပါတယ်။ ဒီနှစ်ဆန်းကနေ ယခုအချိန်ထိ ကလေးပေါင်း ၁၈၀၀၀ ခန့် ဝေဒနာကို ခံစားနေရပြီး ယမန်နှစ်ကထက် ၆၇ ရာခိုင်နှုန်း ပိုဖြစ်လာတယ်လို့ သိရပါတယ်။

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်ခြင်းနဲ့ ပတ်သက်တဲ့ သတင်းပါပဲ။ ဆေးလိပ်သောက်တဲ့ အဖေ၊ အမေက မွေးလာတဲ့သားဟာ ကြီးလာတဲ့အခါ Spermazoa မျိုးပွားသုက်ရဲ့ DNA အင်အားယုတ်လျော့ပြီး မျိုးပွားနိုင်မှု၊ သန္ဓေသားရနိုင်မှု အားနည်းသွားနိုင်တယ်ဆိုတဲ့ လေ့လာချက်ပါပဲ။ ဒီလေ့လာချက်ဟာ ဂျာမနီနိုင်ငံ Saarland တက္ကသိုလ် သားဖွားနှင့်မီးယပ်ဌာနနှင့် မျိုးပွားသုတေသနဌာနက လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဆေးလိပ်သောက်သူ မိခင်နှင့် ဖခင်က မွေးဖွားတဲ့သားမှာ သုက်ပိုး (Spermatozoa) ရဲ့ Protein ပါဝင်နိုင်မှု အားနည်းပြီး သုက်ပိုးရဲ့ အဓိကသော့ချက်ဖြစ်တဲ့ DNA ပျက်စီးကာ ကလေးမရနိုင်ဖြစ်ရတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် မျိုးရိုးစောင့်ထိန်းပြီး မျိုးဆက်ပွားလိုတဲ့မိဘတွေဟာ ဆေးလိပ်အမြန်ဖြတ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ကွမ်းခြံကုန်းတွင် ကျေးရွာစာကြည့်တိုက်ဖွင့်

ကွမ်းခြံကုန်း ဧပြီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ခလောက်တရာကျေးရွာတွင် ကျေးရွာနေပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်အတွက် ကျေးရွာနှင့်မြို့နယ်မှ တာဝန်ရှိသူများ ကြိုပမ်းမှုဖြင့် သုတရောင်စဉ်စာကြည့်တိုက်ကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ပေးခဲ့သည်။**(အပေါ်ပုံ)**

စာကြည့်တိုက်ဖွင့်ပွဲတွင် မြို့နယ်မှ တာဝန်ရှိသူများက သုတရောင်စဉ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်/ဆက်ဦးစီးမှူးက စံငါးချက်နှင့်အညီ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းအကြောင်း ဆွေးနွေးပြောကြားခဲ့ကာ စာအုပ်စာစောင်နှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျောက်မဲ ဧပြီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်မိုင်းငေါ့မြို့နယ် ထွန်ကောက်ကျေးရွာအုပ်စု ထွန်ကောက်ကျေးရွာ သုတတံခွန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအာယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

တမာရွာ ပညာဒါနစာကြည့်တိုက် ဖွင့်လှစ်

ရွှေဘို ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မတ် ၂ ရက်က ပညာဒါန စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားနှင့် စာပေဟောပြောပွဲ ကျင်းပသည်။

စာကြည့်တိုက်ကို တမာရွာဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်က ငွေကျပ် ၂၅ သိန်း မတည်လှူဒါန်းခဲ့ခြင်း ဖြစ်ပြီး စာပေဝါသနာရှင်များနှင့် ရပ်မိရပ်ဖများက စာအုပ်စာတမ်းများ လှူဒါန်းခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ရွှေဘိုခရိုင် စီမံကိန်းရုံးလက်ထောက်ညွှန်မှူး ဦးတင်မြင့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)** ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာ အောင်ဘုန်းညိုက စာတိုငညို ခေါင်းစဉ်၊ စာရေးဆရာ ကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)က သဘာဝဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးခေါင်းစဉ်၊ Dr.တင်ဝင်းက စာပေသမိုင်းမှတ်တမ်း၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစန်းဦးက မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေငလျင်ဘေးဒဏ်သင့် ဖူကူရှီးမားပြည်နယ်ရှိ စာသင်ကျောင်း ၇၀ ကျော်ကို ပြန်လည်ဖွင့်လှစ်

တိုကျို ဧပြီ ၆

ဂျပန်နိုင်ငံ၌ မြေငလျင်ဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ဖူကူရှီးမားပြည်နယ်တွင် စာသင်ကျောင်း ၇၀ ကျော်ကို ဧပြီ ၆ရက်က ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖူကူရှီးမားပြည်နယ်၌ ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကပ်ဘေးဆိုက်ရောက်ချိန်အတွင်း ဓာတ်ရောင်ခြည် ဖြာထွက်မှုဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် စာသင်ကျောင်း ၇၀ကျော်ကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဖူကူရှီးမားမြို့ရှိ ရှိမိဇူမူလတန်းကျောင်း၌ ကျောင်းပြန်လည်ဖွင့်လှစ်မှု အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က အင်အားပြင်းမြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်းရိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် ဖူကူရှီးမားမြို့ရှိ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မူလတန်းကြိုကျောင်း၊ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများဖြစ်သော စာသင်ကျောင်း ၁၄၀၀၌ ဓာတ်ရောင်ခြည်ဆိုင်ရာ စမ်းသပ်မှုများကို ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများက ပြုလုပ်ခဲ့ကြသည်။

ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံပတ်လည်ရှိ ၁၂ဒသမ ၅မိုင်မှ ၁၉ဒသမ ၅မိုင်အထိဖြစ်သော အကွာအဝေးအတွင်း ပြည်သူများနေထိုင်ခြင်းမပြုရန် အစိုးရက ဇုန်နယ်မြေသတ်မှတ်ပေးထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဧပြီ ၆ရက်က ဂျပန်နိုင်ငံ ဖူကူရှီးမားမြို့၌ ပြန်လည်ဖွင့်လှစ်သည့် ကျောင်းများသို့ ကျောင်းတက်ရန် ရောက်ရှိလာကြသော ကလေးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်မြောက်ပိုင်း၌ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၆

အီရတ်နိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော မတော်တဆမှုဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၆ရက်တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် မတော်တဆမှုဖြစ်ပွားမှုကြောင့် ဧပြီ ၅ရက်က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ သို့ရာတွင် အသေးစိတ် အချက်အလက်များကို မသိရှိရပေ။

အီရတ်နိုင်ငံတွင် လေးရက်အတွင်း ပဉ္စမမြောက်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ စစ်သွေးကြွများက ဒုံးကျည်သို့မဟုတ် စိန်ပြောင်းဖြင့် ပစ်ခတ်မှုကြောင့် အဆိုပါ တပ်ဖွဲ့ဝင် ငါးဦးအနက် နှစ်ဦးသေဆုံးခဲ့ပြီး ကျန်သုံးဦးသည် တိုက်ပွဲဖြစ်ပွားခြင်းမဟုတ်သော မတော်တဆမှုများကြောင့် သေဆုံးခဲ့ ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ပင်လယ်ကြမ်းပြင်လှုပ်ရှားမှု လေ့လာရေးစခန်း တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တည်ဆောက်မည်

ရှန်ဟိုင်း ဧပြီ ၆

တရုတ်နိုင်ငံ၌ မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုတို့ကို စောင့်ကြည့်နိုင်ရန် အရှေ့တရုတ်ပင်လယ်တွင် ပင်လယ်ကြမ်းပြင်လှုပ်ရှားမှုအခြေအနေလေ့လာရေးစခန်းတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပင်လယ်ကြမ်းပြင် လှုပ်ရှားမှုအခြေအနေ လေ့လာရေးစခန်းကို ရှန်ဟိုင်း၌ တည်ဆောက်မည်ဖြစ်ပြီး အဆိုပါစခန်းကို ထူထောင်ရန် ယွမ်သန်း ၄၀ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း)ကျခံသုံးစွဲရမည်ဖြစ်သည်။

ပင်လယ်ကြမ်းပြင် လှုပ်ရှားမှုအခြေအနေလေ့လာရေးစခန်းကို ဖွင့်လှစ်ခြင်းဖြင့် အဏ္ဏဝါဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝဗေဒဆိုင်ရာ ဂေဟစနစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။

ပင်လယ်ကြမ်းပြင် လှုပ်ရှားမှုအခြေအနေ လေ့လာရေးစခန်းကို ငါးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။

အရှေ့တရုတ်ပင်လယ်နှင့် ထိစပ်နေသော ရှန်ဟိုင်းမြို့၌ မြေငလျင်လှုပ်ရှားမှုကို ထောက်လှမ်းသိရှိနိုင်ရန် ပင်လယ်ကြမ်းပြင် လှုပ်ရှားမှုအခြေအနေ လေ့လာရေးကွန်ရက်က အရေးပါကြောင်း ရှန်ဟိုင်းပင်လယ်သမုဒ္ဒရာ နည်းပညာသုတေသနဌာနက ပြောကြားသည်။

အဆိုပါ သုတေသနဌာနသည် အဏ္ဏဝါသုတေသနစီမံကိန်းများအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ **အင်တာနက်။**

ကိုလိုနီဆန့်ကျင်ရေး ကင်ညာသူပုန်လှုပ်ရှားမှုဆိုင်ရာ မှတ်တမ်းများ ဗြိတိန် ထုတ်ဖော်ရဖွယ်ရှိ

လန်ဒန် ဧပြီ ၆

၁၉၅၀ ကျော်ခုနှစ်များအတွင်း ကိုလိုနီစနစ် ဆန့်ကျင်ရေး သူပုန်ထမှုအတွင်း ဗြိတိသျှတပ်များ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသော ကင်ညာနိုင်ငံသားများအား ကိုယ်စားပြုသည့် ရှေ့နေများက ကင်ညာသူပုန်ပြဿနာဆိုင်ရာ လျှို့ဝှက်မှတ်တမ်းများကို လူသိရှင်ကြားထုတ်ဖော်ရန် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီးဌာနအား တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

၁၉၅၀ကျော်ကာလအတွင်း ကင်ညာနိုင်ငံ၌ ဖြစ်ပွားခဲ့သော "မော်မော်"သူပုန်လှုပ်ရှားမှုကို ဗြိတိသျှအစိုးရကိုယ်စား တာဝန်ရှိသူများက နှိမ်နင်းခဲ့ရာတွင် ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှု ခံခဲ့ရကြောင်း ကင်ညာနိုင်ငံသားလေးဦးက အရေးဆိုရာမှ အကြောင်းပြု၍ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနက လျှို့ဝှက်မှတ်တမ်းများကို တရားခွင်သို့ ပေးပို့ရတော့မည်ဖြစ်သည်။

"မော်မော်"သူပုန်လှုပ်ရှားမှုကို အကြောင်းပြု၍ ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီသည် ၁၉၅၂ ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် ကင်ညာနိုင်ငံ၌ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး သူပုန်လှုပ်ရှားမှုကို စစ်ရေးနည်းလမ်းဖြင့် ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့သည်။

ထိုစဉ်ကာလ ဗြိတိသျှအစိုးရက ဖမ်းဆီးခဲ့သော ကင်ညာသူပုန်အုပ်စုဝင်များထဲ၌ အမေရိကန်ပြည်ထောင်စု၏ လက်ရှိသမ္မတဘာရတ်အိုဘားမား၏ အဘိုး ဟူစိန် အွန်ယန်ဂိုအိုဘားမားလည်း အပါအဝင်ဖြစ်ခဲ့သည်။

"မော်မော်"သူပုန်လှုပ်ရှားမှုအဖွဲ့ကို သွေးဆာနေသော အကြမ်းဖက်သမားအုပ်စုအဖြစ် ဗြိတိသျှအစိုးရက ဖော်ညွှန်းခဲ့ပြီး ၁၉၅၀ ခုနှစ်ပတ်ဝန်းကျင်တစ်ဝိုက် ထုတ်ဝေခဲ့သော အမေရိကန်နှင့် ဗြိတိသျှသတင်းစာများကလည်း "မော်မော်"သူပုန်လှုပ်ရှားမှုကို အာဖရိကမျိုးနွယ်စုများ၏ လူဖြူဆန့်ကျင်ရေးအကြမ်းဖက်လှုပ်ရှားမှုအဖြစ် အမည်တပ်ခဲ့သည်။ **အေပီ။**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ကလေးလေးဦးထက်မနည်း သေဆုံး

အစ္စလာမ္မာဘတ် ဧပြီ ၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကိုဟတ်မြို့တွင် ဧပြီ ၆ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကလေးလေးဦးထက်မနည်း သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကိုဟတ်မြို့အနီး ဂျာမာကျေးရွာ ကစားကွင်း၌ ကလေးအချို့ကစားနေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည်ဟု ဆိုသည်။ ကလေးအချို့သည် အနီးရှိ ကွင်းပြင်မှ ထူးဆန်းသော အရာဝတ္ထုတစ်ခုကို ယူဆောင်လာခဲ့ပြီးနောက် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု စီစဉ်သူကို စစ်ဘက်ဆိုင်ရာခုံရုံး၌ ကြားနာစစ်ဆေးမည်ဟု ရှေ့နေချုပ်ပြော

ဝါရှင်တန် ဧပြီ ၆

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအတွက် စီစဉ်ခဲ့သူအဖြစ် ဖြောင့်ချက်ပေးခဲ့သူ လူတစ်ဦးကို စစ်ဘက်ဆိုင်ရာခုံသမာဓိအဖွဲ့က တရားစီရင်စစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်ရှေ့နေချုပ် အဲရစ်ဟိုလ်ဒါက ပြောကြားသည်။

ခါလစ်ရှိတ်မိုဟာမက်နှင့် ကြံရာပါလေးဦးတို့ကို စစ်ခုံရုံး၌ တရားစီရင်စစ်ဆေးမည်ဖြစ်ကြောင်း၊ အဆိုပါ စစ်ခုံရုံးကို ခါလစ်ရှိတ်မိုဟာမက် နှစ်ပေါင်းအတန်ကြာ ထိန်းသိမ်းခံခဲ့ရသော ဂွမ်တာနာမိုအကျဉ်းစခန်းအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း အမေရိကန်ရှေ့နေချုပ်က ပြောကြားသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ စွဲချက်တင်ခံရသူများအား ပြည်ထောင်စု အရပ်ဘက် တရားရုံးများ၌ ရုံးတင်စစ်ဆေးနိုင်ရန် မိမိ၏ စီစဉ်ဆောင်ရွက်ချက်များကို ကွန်ဂရက်လွှတ်တော်က ပိတ်ပင်တားဆီးခဲ့သည်ဟု ရှေ့နေချုပ်က ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

၂၀၀၉ ခုနှစ်က သမ္မတအာဏာစတင်ရရှိခဲ့သူ ဘာရတ်အိုဘားမားသည် ဂွမ်တာနာမိုပင်လယ်အော်အကျဉ်းစခန်းကို ပိတ်ပစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ကွန်ဂရက်လွှတ်တော်အမတ်များက အကြမ်းဖက်သမားများအဖြစ် မသင်္ကာရသူများအား အရပ်ဘက်တရားရုံးများ၌ ရုံးတင်စစ်ဆေးခြင်းကို ကန့်ကွက်ခဲ့ကြသည်။ ဤသို့ဖြင့် ဂွမ်တာနာမိုအကျဉ်းစခန်းကို မဝေးသောအနာဂတ်၌ ပိတ်ပစ်ရန်မှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၉၇၆ ဦး သေဆုံးခဲ့ရသည်။ **အင်တာနက်။**



၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်က နယူးယောက်မြို့၌ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသော ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အဆောက်အအုံတည်ရှိရာနေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုံးပစ်လောင်ချာအမျိုးအစားသစ် တောင်ကိုရီးယားစစ်ဘက် တီထွင်ထုတ်လုပ်မည်

ဆိုးလ် ဧပြီ ၆

တောင်ကိုရီးယားနိုင်ငံသည် ပစ်မှတ်အသီးသီးသို့ တစ်ပြိုင်တည်း ပစ်ခတ်နိုင်သော ဒုံးပစ်လောင်ချာသစ်တစ်မျိုးကို သုတေသနပြု တီထွင်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်ထက် နောက်မကျဘဲ ယင်းဒုံးပစ်လောင်ချာအတွက် တီထွင်ထုတ်လုပ်မှု ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း ကာကွယ်ရေးစစ်လက်နက်ပစ္စည်းညွှန်ကြားမှုဌာနက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

ဒုံးပစ်လောင်ချာ အမျိုးအစားသစ်သည် ကီလိုမီတာ ၈၀ အကွာအဝေးအထိ ပစ်ခတ်နိုင်စွမ်းရှိမည်ဖြစ်ပြီး တောင်ကိုရီးယားစစ်ဘက်၏ အမြောက်လက်နက်တပ်ဖွဲ့ကို စွမ်းပကားမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဒုံးပစ်လောင်ချာအမျိုးအစားသစ်အတွက် စစ်ဘက်ဆိုင်ရာ သုတေသနလုပ်ငန်းတစ်ရပ် လုပ်ဆောင်နေမှုကို အများပြည်သူ သိရှိလာစေရန် ရည်ရွယ်လျက် ယင်းဒုံးပစ်လောင်ချာ အမျိုးအစားသစ်အတွက် အမည်ပေးပြိုင်ပွဲတစ်ရပ်ကို အွန်လိုင်းမှ တစ်ဆင့် ကျင်းပသွားရန်စီစဉ်လျက်ရှိသည်။ **အင်တာနက်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၅၄၈၂** ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၇၆၀၈** ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၄၈၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၇၆၀၈ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဧပြီ ၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဧပြီ ၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၇၇၆** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၁၁၉၁** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၇၇၆ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၁၉၁ ဦး

အင်တာနက်။

ရန်ကုန်တိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၆

၁၃၇၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ တင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းအလိုက် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MS Columbus ကမ္ဘာလှည့် အပျော်စီးသင်္ဘော ရောက်ရှိ

နေပြည်တော် ဧပြီ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် သင်္ဘောအမှုထမ်း ၁၇၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦးပါရှိသည့် MS Columbus ကမ္ဘာလှည့် အပျော်စီးသင်္ဘောသည် ထိုင်းနိုင်ငံ ဖူးကက်ဆိပ်ကမ်းမှတစ်ဆင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆိပ်ကမ်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်မြို့တွင်း၊ သန်လျင်နှင့် ပဲခူးမြို့များသို့ လည်ပတ်ကာ ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ဘောအမှုထမ်း ၁၇၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦး ပါရှိသည့် MS Columbus ကမ္ဘာလှည့် အပျော်စီးသင်္ဘော ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ် ထုတ်ပြန်

ရန်ကုန် ဧပြီ ၆

၂၀၁၁ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့၌ ၂၄ နာရီ ရေပေးဝေမည်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများကိုလည်း အလားတူ ၂၄ နာရီ ပေးဝေမည်ဖြစ်သည်။

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့သို့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) နေ့တွင် မြို့နယ်များအားလုံးသို့ ယခင် ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် ရေ/သန့် ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဖုန်း-၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀ နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ-၂၀၁၁ FATHER LAND မှ ပါဝင်ပြသမည်

ရန်ကုန် ဧပြီ ၆

FATHER LAND Construction & Decoration Co., Ltd. က Main Sponsor အဖြစ် ပံ့ပိုးကူညီပြီး Myanmar ANAWRAHTA Business Group က ကြီးမှူးကျင်းပသော Myanmar New Year Exhibition 2011 ကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ခင်းကျင်းပြသမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် FATHER LAND Construction & Decoration Co., Ltd. ၏ ပြခန်း၌ Condominium, Room Type, Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို လစဉ် ငွေပေးသွင်းခြင်းနှင့် အရစ်ကျငွေပေးသွင်းခြင်း စနစ်တို့အပြင် အများပြည်သူ အဆင်ပြေချောမွေ့စေရန်အတွက် အခြားငွေပေးချေမှုစနစ်များကို ညှိနှိုင်းတိုင်ပင်ပြီး ရောင်းချပေးမည်ဖြစ်သည်။ ပြပွဲကာလအတွင်း အရောင်းမြှင့်တင်ရေးအစီအစဉ်အရ Decoration လုပ်ငန်းများ၊ Renovation လုပ်ငန်းများ၊ Wallpaper၊ ဝါးပါကေး၊ Ready Made ပါကေးများ ရောင်းချခြင်းတို့ကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။ အရောင်းမြှင့်တင်ရေးကာလအတွင်း Discount ငါးရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရရှိမည်ဖြစ်သည်။

FATHER LAND Construction & Decoration Co., Ltd. နှင့် ဆက်သွယ်စုံစမ်းလိုပါက အမှတ် (၂၂၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၁၀၇၁၊ ၀၉-၇၃၀၃၀၀၄၁ နှင့် ၀၁-၃၉၇၆၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြေတိုင်းပစ္စည်းများ အထူးလျှော့ဈေးဖြင့် ရောင်းမည်

ရန်ကုန် ဧပြီ ၆

Amigos Int'L Co., Ltd. က တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် အရည်အသွေးမြင့် မြေတိုင်းတာရေး ပစ္စည်းများ ဖြစ်သော MIGO အမှတ်တံဆိပ် Geodetic Total Station များ၊ Digital Theodolite များ၊ Auto Level, Laser Level များ၊ Hi- Target အမှတ်တံဆိပ် GNSS RTK GPS များ၊ GIS လုပ်ငန်းသုံး GPS များအား ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ၅ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

Amigos Int'L Co., Ltd.မှ ရောင်းချသော MIGO အမှတ်တံဆိပ် Geodetic Total Station MIG-502 သည် ဆောက်လုပ်ရေးလုပ်ငန်းခွင် မြေတိုင်းတာခြင်း၊ Construction Survey ဖြစ်သော ပန္နက်ရိုက်ခြင်း၊ ဂရစ်ကွက်ရိုက်ခြင်း၊ ကွန်ကရစ်တိုင်စိုက်ထူခြင်း၊ တည်ဆောက်ပြီး Steel Structure များကို လုပ်ငန်းခွင်တွင် စိုက်ထူခြင်း၊ အဆောက်အအုံများ၏ Vertical Alignment, Horizontal Alignment များ စစ်ဆေးတိုင်းတာခြင်း လုပ်ငန်းများတွင် အချိန်ကုန်သက်သာ၍ မှန်ကန်မှုရှိအောင် တိုင်းတာပေးသော Total Station တစ်ခုဖြစ်ပြီး MIGO အမှတ်တံဆိပ် Geodetic Total Station MIG-502 အားသာချက်မှာ ပေ ၆၀၀ အတွင်း Prism ထောင်စရာမလိုဘဲ မိမိတိုင်းတာလိုသော အရာဝတ္ထုများ၏ ကိုဩဒိနိတ်များ၊ Bearing ညွှန်းရပ်များ၊ Distance အကွာအဝေးများအား အန္တရာယ်ကင်းရှင်းစွာဖြင့် တိုင်းတာနိုင်သောကြောင့် တံတားကြီးများ၊ ရေလယ်တိုင်များ၊ မြင့်မားလှသော အဆောက်အအုံများ၏ Vertical Distance များ၊ စေတီပုထိုးများ၊ ဓာတ်အားပေးတိုင်များ၏ အမြင့်များ၊ ကိုဩဒိနိတ်များ တိကျလွယ်ကူလျင်မြန်စွာဖြင့် တွက်ထုတ်ပေးနိုင်သည်။

Amigos Int'L Co., Ltd. မှ ဝယ်ယူသော ပစ္စည်းများအားလုံးအတွက် တစ်နှစ်အာမခံပေးထားပြီး ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Amigos Int'L Co., Ltd. အမှတ် SH -၁၀၂၊ SH တိုက်တန်း၊ သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း(၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ Fax - ၀၁-၅၆၄၅၂၀ နှင့် www. amigo myanmar.com တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ထီးတော်တင် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဧပြီ ၆

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းကာလဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် ရေလမ်းကြောင်းကို ဧပြီ ၈ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာ၌ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုင်းယုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (တာဝန်ခံအင်ဂျင်နီယာ) အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအေးမြတ်စိုး မြို့ဝင်ဆိုင်းဘုတ်၊ မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးမြတ်မျိုးထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

ဝါဏိဇ္ဇဘွဲ့ရများအသင်း မြန်မာနိုင်ငံမှကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းမှ Accounting Policies, Estimates and Errors ခေါင်းစဉ်ဖြင့် ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ၊ အသင်းအတွင်းရေးမှူး ဦးမိုးကျော်က ISA-500-Audit Evidence, ISA-501-Audit Evidence Specific Considerations for Selected Items ခေါင်းစဉ်ဖြင့် ဧပြီ ၂၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲများကို အသင်းတိုက်တည်ရှိရာ အမှတ် (၃၇/၄၁) လမ်း ၅၀ (အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၄၉၂၁၄၅၉၁၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမေ့နှင့်

ဝန်ကြီး ဦးခင်မောင်စိုး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၅ ရက်တွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ပစ္စည်းစီမံရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးမှု စနစ်တကျဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ ကြွေးကျန်ကျဆင်းရေး၊ စီမံကိန်းများ အချိန်မီပြီးစီးရေး၊ လျှပ်စစ်စွမ်းအားမြှင့်တင်ရေး၊ လျှပ်စစ်စွမ်းအားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ဓာတ်အားစနစ်ကြံ့ခိုင်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ငွေကြေးသုံးစွဲမှု စနစ်တကျရှိရေး စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Malaysia External Trade Development Corporation (MATRADE)မှ Mr.Haridaso Nagalingam ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ နေ့အပူချိန်တိုးလာနိုင်

နေပြည်တော် ဧပြီ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီလ၏ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် ဆင်ဖြူကျွန်းမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ချောင်းဆုံမြို့တွင် သုည ဒသမ ၇၁ လက်မ၊ တောင်ငူမြို့တွင် သုည ဒသမ ၄၈ လက်မနှင့် ကျိုက္ခမီမြို့တွင် သုည ဒသမ ၃၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ညနေပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာ ထုတ်လုပ်မှု၊ နေရောင်ခြည်သုံး စွမ်းအင်ထုတ်လုပ်မှု ဆွေးနွေး

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသော ဗဟိုအလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Malaysia External Trade Development Corporation (MATRADE) မှ Mr.Haridaso Nagalingam ဦးဆောင်၍ အဖွဲ့ဝင် ၁၆ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည့်ကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာထုတ်လုပ်မှု၊ နေရောင်ခြည်သုံး စွမ်းအင်ထုတ်လုပ်မှုတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိစ္စ၊ နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာကိစ္စ၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ရေးကိစ္စ၊ စီးပွားကုန်သွယ်မှု လုပ်ငန်းများအတွက် နှစ်ဖက်စီးပွားရေးအဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ကချင်ပြည်နယ် မြေစာရင်း ဦးစီးဌာနမှူး၊ ဒုတိယ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် ခရိုင်မြေစာရင်းဦးစီးဌာနမှူးတို့ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများတွင် လယ်ယာသန်းခေါင်စာရင်း ကောက်ယူမှုအခြေအနေကို ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(ပြည်နယ်မြေစာရင်း)

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၆

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၀)နှင့် (၁၁)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန် ရေလမ်းကြောင်းကို ဧပြီ ၈ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှ ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်ဖြစ်ပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေ ပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်တိုင် အကြားမှ ဖြတ်သန်းရာ၌ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်လက်တွေ့အသုံးချဆေးဝါး စီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်(၈)ဆင်းပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Towerရှိ အသင်းရုံး၌ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူတို့အား အသင်းဥက္ကဋ္ဌနှင့် သင်တန်းဆရာ၊ ဆရာမများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သေခြင်းတည်ရာအဝိဇ္ဇာရှာ” တရားတော် (ပြည်တွင်း၊ ပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၆၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၄)**
- ၈း၄၅ April Music Show(Part-5)
- ၉း၂၅ Road to Sai Sai Birthday Show
- ၉း၃၅ Science For All (ပျက်သုဉ်းလျက်ရှိသော ကမ္ဘာ့အထင်ကရနေရာများ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ထွန်းနေစိုး)
- ၁၀း၀၅ ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာမိသားစု၏အလှူမင်္ဂလာ
- ၁၀း၂၀ ခါသကြ္ဘန်အဆိုအကများ
- ၁၀း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၀ The Champion of Dance
- ၁၁း၃၀ အပန်းဖြေကြည့်ရှုစရာဇာတ်ကား မိတ်ဆက်ကဏ္ဍမှာ “မာယာအနမ်းအမှတ်တရကမ်းခြေ”ဇာတ်ကား
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ရည်မှန်းကာကုသိုလ်ယူ အထက(၂)ကမာရွတ်၏ ရဟန်းခံ၊ ရှင်ပြုအလှူ
- ၁၂း၂၅ မိုးဟိန်းတူရိယာဆိုင် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း
- ၁၂း၃၅ ဆင်နွဲ့ကာ ပူဇော် မဟာရွှေစည်ကြီး ဗုဒ္ဓပူဇနိယပွဲတော်
- ၁း၀၀ “သေခြင်းတည်ရာအဝိဇ္ဇာရှာ” တရားတော် (ပြည်တွင်း၊ပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၆၆)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၄)**
- ၅း၀၀ ခါသကြ္ဘန်အဆိုအကများ
- ၅း၁၀ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဒူရိယ၏သက်တော်(၁၀၀) ရာပြည့်ပူဇော်ပွဲ
- ၅း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဆင်ပေါက်)
- ၅း၅၀ ခါသကြ္ဘန်အဆိုအကများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Road to Sai Sai Birthday Show
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၆၇)**
- ၇း၂၀ April Music Show(Part-6)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ MRTV-4 မြန်မာ့ရိုးရာသကြ်ာန်
- ၈း၄၅ စကားနပန်း (လွမ်းတတ်တာကောင်းတယ်၊ မလွမ်းတတ်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၅)**
- ၁၀း၁၅ အားကစားမြင်ကွင်းစုံ
- ၁၀း၄၅ ရန်အောင်သကြ်ာန်
- ၁၁း၂၀ အနုပညာမိုးကောင်းကင်
- ၁၁း၄၀ ဂီတသရုပ်ပြခန်း (ရာသီစာနှစ်)
- ၁၂း၀၅ JICA Myanmar ၏မေတ္တာကွန်ရက်များဆီသို့. . . (အဓိကကူးစက်တတ်သော ရောဂါများကာကွယ်ထိန်းချုပ်ရေး စီမံကိန်း)
- ၁၂း၃၀ Box Office Movies (Fast & Furious 4)
- ၁၂း၅၀ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဇီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၂း၅၅ ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ဆီထွက်သီးနှံပင်များ)
- ၁း၂၅ မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ်
- ၁း၃၅ Celebrity Profile(Jet Li)
- ၂း၀၅ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၂း၁၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၂း၄၀ အိုက်ကီဒိုနှင့်သမီးပျို
- ၂း၅၅ လမ်းညွှန်ပေးစက် GPS
- ၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၁၀ တောင်တန်းပေါ်က စိန်တလုံး
- ၄း၂၅ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
- ၄း၃၅ မွန်မြတ်သော အလှူကုသိုလ်ယူ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ တာလေမြို့နယ်ခွဲ ငလျင်ဒဏ်သင့် ကျေးရွာအုပ်စုများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ငလျင်ဒဏ်သင့် နယ်မြေခံတပ်ရင်းများသို့ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၆

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူတို့သည် မေ ၁ ရက် နံနက်ပိုင်းတွင် တာလေမြို့ အမှတ်(၂)ရပ်ကွက် ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်ခံ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများက ငလျင်ဒဏ်သင့် မြို့/ရွာများ ကယ်ဆယ်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေတို့သည် တာလေမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ငလျင်ဒဏ်သင့် နယ်မြေခံတပ်ရင်းများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော တပ်တွင်းအဆောက်အအုံများအား ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် တာလေမြို့ အမှတ်(၂)ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်း၌ ကျင်းပသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆောင်ရွက်ရန် ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသီးသီး တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညပိုင်းတွင် တာလေမြို့နယ်ခွဲ မိုင်းလင်းကျေးရွာအုပ်စုအတွင်း လျှပ်စစ်မီးသွယ်တန်းရရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အမြုံ တည်ဆောက်ရေးလုပ်ငန်းစဉ်အပေါ် ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ခေတ္တအတွင်းရေးမှူး ဒေါ်ယဉ်ယဉ်မြင့် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အမြုံ တည်ဆောက်ရေးလုပ်ငန်းစဉ်အပေါ် ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနသည် ဂျာမန်ဖောင်ဒေးရှင်း ဖရီးအေဘတ်စတတ်ဖ်တုန်း (FES) နှင့် ပူးတွဲ ကမကထပြု၍ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အမြုံ တည်ဆောက်ရေးလုပ်ငန်းစဉ်အပေါ် ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက် နံနက် ၁၀ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံအသိုက်အမြုံကို ၂၀၁၅ ခုနှစ်၌ ထူထောင်ရာတွင် အဓိကမဏ္ဍိုင်ကြီး (၃)ခုဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်ကြီးများကို ထူထောင်ရာတွင် ခရီးရောက်မှုအခြေအနေကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆန်းစစ်လေ့လာရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ခေတ္တအတွင်းရေးမှူး ဒေါ်ယဉ်ယဉ်မြင့်နှင့် ဖရီးအေဘတ်စတတ်ဖ်တုန်း (FES)မှ ညွှန်ကြားရေးမှူး Mr. Henning Effner တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အထူးအကြံပေးပုဂ္ဂိုလ် Mr. Rajaretnam၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးကြသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံသံရုံးများအပြင် တရုတ်၊ အိန္ဒိယ၊ ဂျာမနီနှင့် ပြင်သစ်သံရုံးတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

○ ကျောဖုံးမှ

ရီးယဲလ်မက်ဒရစ် ၄-၀ စပါး

စပိန်မြေ ဘာနေဗျူးကွင်းတွင် ကစားခဲ့သည့် ရီးယဲလ်မက်ဒရစ်နှင့် စပါးတို့ပွဲတွင် အိမ်ရှင်ရီးယဲလ်မက်ဒရစ်က လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိသွားသည်။ ရီးယဲလ်မက်ဒရစ်အသင်း၏ ပထမပွဲထွက် လူစာရင်းတွင် ကာဆီးလက်စ်၊ ကာဗယ်ဟို၊ ပီပီ၊ ရာမို့စ်၊ မာဆယ်လို၊ စီရော်နယ်ဒို၊ အလွန်ဆို၊ ဒီမာရီယာ၊ အိုဇေးလ်၊ ခီဒီရာ၊ အဒီဘာယောတို့ ပါဝင်ကစားခဲ့သည်။ ဧည့်သည် စပါးအသင်းတွင်မူ ဂိုမစ်၊ ဂါရတ်ဘေးလ်၊ ဂါးလစ်၊ ဒေါ်ဆင်၊ ကော်လူကာ၊ အီကော့တို၊ ဂျီးနပ်စ်၊ ဗန်ဒါဗက်၊ မော့ဒရစ်၊ ဆန်ဒရိုနှင့် ပီတာခရော့ချ်တို့ ပါဝင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အတွက် ဂိုးများကို ပထမပိုင်းပွဲအစ ၄ မိနစ်နှင့် ၅၇ မိနစ်တို့တွင် အဒီဘာယော၊ ၇၂ မိနစ်တွင် ဒီမာရီယာနှင့် ၈၇ မိနစ်တွင် စီရော်နယ်ဒိုတို့က သွင်းယူခဲ့ကြသည်။ ယခုပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု ၇၂ ရာခိုင်နှုန်းအထိ အသာစီးရယူနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၁၅ မိနစ်တွင် စပါးတိုက်စစ်မှူး ပီတာခရော့ချ်နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ယခုပွဲတွင် လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် နောက်တစ်ဆင့်တက်ရန် အလားအလာကောင်းသွားပြီဖြစ်သည်။

အင်တာမီလန် ၂ - ၅ ရှော်ကေး

လက်ရှိချန်ပီယံ အင်တာမီလန်နှင့် ရှော်ကေးတို့ပွဲတွင် ဧည့်သည် ဂျာမန်ကလပ် ရှော်ကေးက အံ့သြဖွယ်ဂိုးရလဒ်ဖြင့် အိမ်ရှင်အင်တာမီလန်ကို အနိုင်ယူသွားသည်။ အင်တာမီလန်အသင်းတွင် ဇနက်တီ၊ မိုင်ကွန်၊ ချီဗူး၊ စတန်ကိုဗစ်၊ မော့တာ၊ ရှနိုက်ဒါ၊ ကမ်ဘီယာဆို၊ အီတူး၊ မီလီတိုတို့ဖြင့် လူစုံခဲ့ပြီး ရှော်ကေးအပေါ် ဘောလုံးပိုင်ဆိုင်မှုအနည်းငယ် အသာစီးရယူနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ဧည့်သည်ရှော်ကေးကသာ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ရှော်ကေးအတွက် ဂိုးများကို ၁၇ မိနစ်တွင် မက်တစ်၊ မိနစ် ၄၀ နှင့် ၇၅ မိနစ်တို့တွင် အီဒူး၊ ၅၃ မိနစ်တွင် ရာအူးလ်နှင့် ၅၇ မိနစ်တွင် အင်တာမီလန်အသင်းမှ ရာနော့ချီယာ ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည်။ အင်တာမီလန်အတွက် ဂိုးများကို ပထမပိုင်းပွဲအစ ၂၅ စက္ကန့်တွင် စတန်ကိုဗစ်နှင့် ၃၄ မိနစ်တွင် မီလီတိုတို့က သွင်းယူခဲ့သည်။ ယခုပွဲတွင် အင်တာမီလန်အသင်းမှ နောက်တန်းကစားသမား ချီဗူးမှာ ပွဲချိန် ၆၂ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ အဝေးကွင်းတွင် ဂိုးပြတ်နိုင်ပွဲရခဲ့သည့် ရှော်ကေးသည် ရီးယဲလ်မက်ဒရစ်နည်းတူ နောက်တစ်ဆင့်တက်ရန် အလားအလာကောင်းသွားပြီ ဖြစ်သည်။

ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များအဖြစ် မေ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီတွင် စပါးနှင့် ရီးယဲလ်မက်ဒရစ်၊ ရှော်ကေးနှင့် အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၆

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများအား ကျင်းပရန် ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါပြိုင်ပွဲအစား ၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၁၃ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင် အားကစားသမားများအားလုံး တစ်ကွင်းလျှင်တစ်ရက်စီဖြင့် ရက်အလိုက် လေးရက် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional မြန်မာပီဂျီအေအဆင့်နှင့် Amateur အပျော်တမ်းအဆင့် (Handicap 0-12)အဆင့်ရှိသူများ ပြိုင်ပွဲဝင်ကြေးပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းစီတွင် တစ်ရက်စီဖြင့် လေးရက် ယှဉ်ပြိုင်ကစားပြီးပါက ပြိုင်ပွဲဝင်သည့် အတန်းအလိုက်၊ တံခွန်စိုက်ဆုအပါအဝင် အဆင့်(၁)မှ (၁၅)ထိ ချီးမြှင့်မည့်အပြင် ကွင်းအလိုက်မှလည်း နေ့စဉ်ရိုက်ချက်များအပေါ် မူတည်၍ အဆင့်(၁)မှ (၅)ထိ ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Hole In One ဆုရသူများအား ထိုက်ထိုက်တန်တန် ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။ အသင်းလိုက်ဆုများကို ချီးမြှင့်ခြင်းမပြုဘဲ အထက်တွင် ဖော်ပြထားသည့်အတိုင်း Professional နှင့် Amateur အတန်း(၂)တန်းကိုသာ တစ်ဦးချင်းဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က သတ်မှတ်ထားသော စည်းကမ်းများ၊ ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို မေ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း - ၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉၊ ၄၁၄၇၅၃ - Faxတို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

✤ ရေချို၌မှ

ဂျပန်နိုင်ငံ၌ မြေငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ထုတ်လွှတ်သော ဓာတ်ရောင်ခြည်လှိုင်းများကြောင့် ရေထုအတွင်း ရေဒီယိုသတ္တိကြွမှု ဖြစ်ပေါ်နေခြင်းကို သုတသင်ရှင်းလင်းရာတွင် မိမိတို့ တွေ့ရှိတွေ့စဉ် စိမ်းပြာရေညှိကို အသုံးချနိုင်မည်ဖြစ်သည်ဆို၏။

Closterium moniliferum ဟု ခေါ်တွင်သော စိမ်းပြာရေညှိသည် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရှင်သန်ပေါက်ရောက်လေ့ရှိနေသည်ကို အဏုဇီဝဗေဒပညာရှင်များ သိရှိကြကြောင်း ပုံသဏ္ဍာန်အမျိုးမျိုးရှိသည့်အနက် လခြမ်းကွေးပုံသဏ္ဍာန် စိမ်းပြာရေညှိသည် ရေဒီယိုသတ္တိကြွ စထရွန်တီယမ်ကို ရေထုအတွင်းမှ ရှင်းလင်းဖယ်ရှားပေးနိုင်သော တစ်မူထူးခြားသည့် စွမ်းပကားရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း၌ အဏုမြူ အညစ်အကြေး ပြဿနာသည် ဖြေရှင်းရခက်ခဲသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ အဏုမြူအညစ်အကြေးများကို သိုလှောင်သိမ်းဆည်းထားရသော စရိတ်စကမှာလည်း အလွန်ပင် ကြီးလေးကြောင်း၊ စိမ်းပြာရေညှိဖြင့် ယင်းအညစ်အကြေးကို ရှင်းလင်းရန် နည်းပညာသစ် ဖော်ထုတ်သင့်ကြောင်း သုတေသီဒါ့ခ်ဂျီစတာက ပြောကြားသည်။

အင်တာနက်။

မီးဘေးကာကွယ်ရေး သရုပ်ပြ

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် မီးသတ်ဦးစီးမှူး ဦးလှမြင့်တို့ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ရိုးရာ သင်္ကြန်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲမည်

ရန်ကုန် မေ ၆

ရန်ကုန်မြို့တွင် ရခိုင်ရိုးရာသင်္ကြန်ပွဲများ ဆင်နွှဲလေ့ရှိသည့်အနက် လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော်ဘုရားရှေ့ တံတားဖြူ မှတ်တိုင်အနီး ညောင်တုန်းလမ်းမကြီးပေါ်၌ ယဉ်ကျေးမှုမဏ္ဍပ်၊ ရေလောင်းမဏ္ဍပ်များ ဆောက်လုပ်၍ သတ္တမအကြိမ်မြောက် စည်ကားစွာ ဆင်နွှဲကြမည်ဖြစ်သည်။

ရိုးရာအစဉ်အလာမပျက် ကျင်းပသည့်ပွဲများအနက် အဖိတ်နေ့တွင် နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲကို ပြုလုပ်မည်ဖြစ်သည်။

ထို့အပြင် စည်တော်ယိမ်း၊ ဆီမီးခွက်ယိမ်း၊ မင်းလဲရခိုင်-ငါလဲရခိုင်သီချင်း၊ စုံတွဲသီချင်း သီဆိုပွဲ၊ တစ်ကိုယ်တော်သီချင်းဆိုပွဲတို့ ပါဝင်မည်ဖြစ်သည်။

ရေလောင်းပွဲတွင် ရခိုင်လုပျိုဖြူများက တစ်ဖက်၊ အမျိုးသားများက တစ်ဖက် လောင်းလှေကြီးများဖြင့် မျက်နှာချင်းဆိုင် ရေပက်ကစားကြမည်ဖြစ်ရာ မည်သူမဆို မဏ္ဍပ်တွင်းသို့ ဝင်ရောက်၍ ရခိုင်ရိုးရာသင်္ကြန်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရေချိုး၌ ပေါက်ရောက်သော စိမ်းပြာရေညှိ အဏုမြူအညစ်အကြေးကို သုတ်သင်ပေးနိုင်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
အင်တာနက်သတင်း
ဘာသာပြန် - စံစံ

အီဗန်စတန်(အီလီနွိုက်စ်) ဧပြီ ၆

ရေချိုတည်ရှိရာ မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ပေါက်ရောက်သော စိမ်းပြာရေညှိသည် အဏုမြူအညစ်အကြေးများကို သုတ်သင်ရှင်းလင်းရာတွင် အသုံးဝင်လာမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

စိမ်းပြာရေညှိပင်များကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေအတွင်း ပါဝင်နေသော ရေဒီယိုသတ္တိကြွ စထရွန်တီယမ်(Strontium) ဓာတုဒြပ်စင်ကို ရှင်းလင်းဖယ်ရှားရာ၌ ရေချိုတွင်ပေါက်ရောက်သော စိမ်းပြာရေညှိကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း အမေရိကန် အနောက်မြောက်ပိုင်းတက္ကသိုလ်နှင့် အာဂွန်အမျိုးသားသုတေသနဌာနတို့မှ သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

Strontium 90 ဓာတုဒြပ်စင်သည် နျူကလီးယားဓာတ်ပေါင်းဖိုဆိုင်ရာ အဏုမြူအညစ်အကြေးတစ်မျိုးဖြစ်ပြီး ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အမေရိကန်နိုင်ငံအတွင်း ရေဒီယိုသတ္တိကြွ အဏုမြူအညစ်အကြေး ဂါလန် သန်း ၈၀ ရှိကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး အဒီဘာယော ခေါင်းတိုက်ဂိုးသွင်းယူစဉ်။

ရီးယဲလ်နှင့် ရှော်ကေးတို့ ဂိုးပြတ်နိုင်ပွဲများနှင့်အတူ ဆီမီးတက်ရန် အလားအလာကောင်း

မက်ဒရစ် ဧပြီ ၆

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမကျော့ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ရီးယဲလ်မက်ဒရစ်နှင့် ရှော်ကေးတို့ ဂိုးပြတ်နိုင်ပွဲများရ၍ ဆီမီးဖိုင်နယ်သို့တက်နိုင်ရန် အလားအလာကောင်းခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမြို့မြို့အနယ်နယ်တွင် စာကြည့်တိုက်များဖွင့်
သတင်း (စာမျက်နှာ -၆)

မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေရေးအစီအစဉ် ထုတ်ပြန်
သတင်း (စာမျက်နှာ -၈)

ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦးပါ ကမ္ဘာလှည့်အပျော်စီးသင်္ဘောတစ်စင်း ပိုလ်အောင်ကျော်ဆိပ်ကမ်း ရောက်ရှိ
သတင်း(စာမျက်နှာ-၈)



စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု စီစဉ်သူကို စစ်ဘက်ဆိုင်ရာခုံရုံး၌ ကြားနာစစ်ဆေးမည်ဟု ရှေ့နေချုပ်ပြော
သတင်း(စာမျက်နှာ - ၇)